လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏
ဝမ်းနည်းကြောင်းသဝဏ်လွှာ

# ဒေါက်တာ ဦးစောမြအောင် (၁၉၁၈- ၂၀၀၉)

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ဥက္ကဋ္ဌ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) သဘာပတိအဖွဲ့ဝင်

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ကြားသိရပါသည်။

ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း ဖော်ပြအပ်ပါသည်။

ယနေ့ကာလတွင် ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကို ပြတ်ပြတ်သားသား ရပ်တည်ခြင်းနှင့် ပြည်သူ့လွှတ်တော် ခေါ်ပေးရန် တောင်းဆိုခြင်းသည် အရေးကြီးသော နိုင်ငံရေး ရပ်တည်ဆောင်ရွက်ချက်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး ဒေါက်တာ စောမြအောင်သည် ကွယ်လွန်ချိန်အထိ (နဝတ-နအဖ)စစ်အစိုးရ၏ ဖိနှိပ် အကျပ်ကိုင်မှုမျိုးစုံကို ရင်ဆိုင်ပြီး ၁၉၉၀ ပြည့် ရွေးကောက်ပွဲရလဒ်ကို ပြတ်ပြတ်သားသား ရပ်တည်ပြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်းကို ကျွန်တော်တို့ပါတီက လေးစားဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်။